The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (17-12-2007) (၅၅၃၄)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　ဒီဇင်ဘာ　　၁၇

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူတန်နိုင်ငံဘုရင်မင်းမြတ် ဂျစ်မီ၊ခေဆာနန်းဂျဲလ် ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)





# ရတနာပုံမြို့သစ်သည် ရေမြေရာသီဥတုအရ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အခြေချဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေအနေများရှိအောင် ဖော်ဆောင်ထားသည့်မြို့ဖြစ် ပြည်တွင်း ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံအောင်၊ ခေတ်မီသတင်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်အောင် မိမိတို့အနေဖြင့် အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ထုတ်ပေးရန်လို

**နေပြည်တော်　　ဒီဇင်ဘာ　　၁၆**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် အဆိုပါ ရတနာပုံတယ်လီပို့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်သည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံတယ်လီပို့တွင် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ၏ ပြခန်းများနှင့် ကုမ္ပဏီအလိုက် ထုတ်လုပ်သွားမည့် ခေတ်မီအဆင့်မြင့် အိုင်တီပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (အပေါ်ပုံ)**နှင့် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံကို တွေ့ရစဉ်။** (ဝဲပုံ)

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၇-၁၂-၂၀၀၇
(တနင်္လာနေ့)

# ရေထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ရေချို၊ ရေငန်၊ ငါးပုစွန် သယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မြစ်၊ ချောင်းများ၊ ကျယ်ပြန့်သည့် မြစ်လက်တက် ရေပြင်ဧရိယာများတွင် ရေချို ငါး၊ ပုစွန်များ မွေးမြူထုတ်လုပ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းကွက်များတွင်လည်း ရေငန် ငါး၊ ပုစွန်များ ဖမ်းယူရရှိနိုင်သည့် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

ယင်းအခြေအနေကောင်းများနှင့်အတူ ပြည်တွင်း၌ ငါးစားသုံးမှု ဖူလုံစေရေး၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီးရှိ မိရိုးဖလာ ရေလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ခေတ်မီငါးလုပ်ငန်း လုပ်ကိုင်နေသူများပါဝင်သည့် ရေလုပ်ငန်း ပညာရှင်များအသင်းကို ၁၉၈၉ ခုနှစ်တွင် တည်ထောင်လုပ်ကိုင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဖြစ် တိုးမြှင့်ဖွဲ့စည်းပြီး ရေလုပ်ငန်းဆိုင်ရာ မွေးမြူထုတ်လုပ် တင်ပို့ရောင်းချမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည့်ရေထွက်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့မှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မြိတ်မြို့ဆိပ်ကမ်းမှ ကုန်သေတ္တာတင်သင်္ဘောများဖြင့် တင်ပို့သကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အအေးခန်းများမှတစ်ဆင့်လည်း တင်ပို့လျက်ရှိသည်။

ရေထွက်ပို့ကုန်များတွင် ရေငန်ပုစွန်ကို အများဆုံးတင်ပို့ကြသည်။ ယခုအခါ ရေချိုပုစွန်များ တိုးချဲ့မွေးမြူလျက်ရှိရာ ရေချိုပုစွန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အဆင့်မြင့်ထုတ်လုပ်ခြင်း၊ ရေချို၊ ရေငန်ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံစေပြီး ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့သွားနိုင်မည် ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ကေ၌သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြား သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ခင်ပွန်းဖြစ်သူ တရားရုံးချုပ်ရှေ့နေ ဦးလှဖူးအားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဇနီး ဒေါ်မြင့်မြင့်သန်းနှင့် သားကြီး မောင်သန့်ဇင်ကျော်၊ သားငယ် မောင်မျိုးမင်းကျော် မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရ (မွှာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

| | |
|---|---|
| **ပြည်သူ့ သဘောထား** | ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။<br>★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# နယ်စပ်ဒေသကျောင်းများနှင့် နယ်စပ်ဒေသလူငယ်သင်တန်းကျောင်းများအတွက် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများနှင့် အဝတ်အထည်များလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

ဒသမအကြိမ်မြောက် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များမှ အခြေခံပညာသင်ရိုးဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများနှင့် နယ်စပ်ဒေသရှိ လူငယ်သင်တန်းကျောင်းများအတွက် အဝတ်အထည်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကားပြောကြားပြီး စာအုပ်အလှူရှင်များကိုယ်စား ဆရာဦးကံချွန်(ကံချွန်-စံပြဘောဂဗေဒ)ကလည်းကောင်း၊ အဝတ်အထည်အလှူရှင် ဦးမြင့်သိန်း(ဖြိုးဝေပဲမျိုးစုံပွဲရုံနှင့် ရောင်းဝယ်ရေးလုပ်ငန်း မန္တလေးမြို့)ကလည်းကောင်း လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြသည်။






**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဒသမအကြိမ်မြောက် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များမှ အခြေခံပညာသင်ရိုး ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများနှင့် နယ်စပ်ဒေသရှိ လူငယ်သင်တန်းကျောင်းများအတွက် အဝတ်အထည်များ လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဦးစိန်မြင့်အောင် (ရွှေကံ့ကော်စာပေ)က ငွေကျပ် ၂၀၁၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၆၅၀၊ ဦးဝင်းချို(ရှုဝံစာပေ)က ငွေကျပ် ၁၀၃၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၀၂၀၊ ဦးသန်းမောင် (ပန်းတိုင်စာပေ)က ငွေကျပ် ၁၀၃၀၀၀၀ တန်ဖိုးရှိ စာအုပ် ၂၅၇၀၊ ဦးညွန့်ဦး(စန္ဒာညွန့်စာပေ)က ငွေကျပ် ၇၀၀၀၀၀ တန်ဖိုးရှိ စာအုပ် ၇၀၀၊ ဦးရဲဝေ(မြန်မာစာ) (စပယ်ပွင့်စာပေ)က ငွေကျပ် ၂၀၀၀၀၀တန်ဖိုးရှိ စာအုပ် ၁၀၀၊ SS ဦးခင်မောင်အေး (ပညာဗိမာန်စာပေ)က ငွေကျပ် ၂၁၈၇၀၀ တန်ဖိုးရှိ စာအုပ် ၃၂၀၊ ဦးစန်းငွေ (ခရေပင်စာပေ)က ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ စာအုပ် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ ယင်းနောက် အလှူရှင် ဦးမြင့်သိန်းက နယ်စပ်ဒေသ လူငယ်သင်တန်းကျောင်းများအတွက် အဝတ်အထည်များကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းမှုမှာ စာပေတိုက်များမှ အလှူရှင် ခုနစ်ဦးက ငွေကျပ် ၅၂၇၈၇၀၀တန်ဖိုးရှိ စာအုပ် ၆၆၆၀ နှင့် ဦးမြင့်သိန်း (ဖြိုးဝေပဲမျိုးစုံပွဲရုံနှင့် ရောင်းဝယ်ရေးလုပ်ငန်း မန္တလေးမြို့)က ငွေကျပ် ၅၂၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၄၅၀၀ တို့ဖြစ်သည်။

အလှူရှင်များကလှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာစာအုပ်များနှင့် အဝတ်အထည်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ ပရဟိတကျောင်းများနှင့် နယ်စပ်ဒေသရှိ အခြေခံပညာကျောင်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်မည့် သားမောင်ဘုန်းပြည့်ကျော် Pre-1 (I.L.B.C) (၄) နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ခေမိကာရာမ ရွှေကျင်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်နှင့် ဆရာတော် သံဃာတော် ၆၅ပါးတို့အား အလှူရှင် အောင်မင်္ဂလာရပ်ကွက် အောင်နီလာလမ်း အမှတ်(၁၇)နေ ဆရာကြီး အရပ်ဝံ့ ဆရာအောင်နှင့် ဇနီး ဒေါ်နှင်းရည်ကျော်၊ သားမောင်ဘုန်းပြည့်ကျော် မိသားစုက ယနေ့ နံနက်ပိုင်းတွင် အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

(က-ပ)

## အင်းစိန်မြို့နယ် ညောင်ကန်အေးသာသနာ့ရိပ်သာ အမျိုးသမီးကျောင်းဆောင် ဆောက်လုပ်ရေးငွေလှူ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ လေးထပ် သတိပဋ္ဌာန်အေးအမျိုးသမီးကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ ဒေါက်တာမြတ်စံ-မမီးမီးမိသားစု(နယူးယောက်)က ငွေကျပ် ၁၂ သိန်း၊ မိခင် ဒေါ်ရွှေလွင်အား ရည်စူး၍ ဦးဇော်နိုင်ထွန်း-ဒေါ်ထွေးထွေးညို၊ ဦးတင်ထွန်း-ဒေါ်ချိုချိုအောင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးနိုင် မိသားစုတို့က ငွေကျပ်လေးသိန်း၊ ကိုအောင်မျိုးထွဋ် လှိုင်မြို့နယ်က ငွေကျပ် သုံးသိန်း၊ အဘွား ဒေါ်ပုမိသားစု ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံ အရာရှိဝင်း အရာရှိအိမ်ရာနှင့် ဗိုလ်မှူးစိန်အောင်-ဒေါ်အောင်စန်းမေ၊ သမီး ဒေါက်တာအေးစုအောင် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးလှကြည်-ဒေါ်ဖြူဖြူလွင် မန်နေဂျာမိသားစု၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဒေါ်လှကြင်၊ သမီးမမြနေနေနိုင်မိသားစု၊ အင်းစိန်ကျောင်းဒါယကာကြီး ဦးခင်မောင် အနှစ်(၂၀)မြောက်အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီး မောင်ထွန်း(ငြိမ်း)-ဒေါ်မြမြရီ၊ သမီးမနှင်းနွယ်ဦး၊ မသော်တာထွန်း၊ မဆွေဇင်ထွန်းမိသားစု၊သီရိလမ်း ပါရမီရိပ်သာနှင့် ကွယ်လွန်သူဦးကိုကို-ဒေါ်တင်ရွှေ၊ သမီး ဒေါက်တာခင်မင်းမင်းဖြူတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ငွေကျပ် တစ်သိန်းစီ လှူဒါန်းကြကြောင်းသိရသည်။

(က-ပ)

## စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၁၉၆၆-၁၉၇၀ ပြည့်နှစ် စာသင်နှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့)တွင် Western Park Royal Restaurant (ကန်တော်ကြီး) ၌ ကျင်းပမည်ဖြစ်သည်။

မည်သည့်စာသင်နှစ်မှမဆို ၁၉၇၀ ပြည့်နှစ်တွင် ဘွဲ့ရရှိသူများနှင့် ၁၉၆၆-၁၉၇၀ စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် ကျောင်းနေဖက်သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း- ၀၉၅၀၃၇၉၆၂၊ ၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉၅ ၁၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညိုမိကြည် ဖုန်း- ၀၉၅၀၀၃၀၉၂၊ ၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း (မန္တလေးမြို့) ဖုန်း-၀၂-၃၆၉၀၀၊ ဦးခိုင်စိန် ဖုန်း-၀၉၅ ၀၃၈၀၁၂၊ ၂၀၃၂၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# မွန်ပြည်နယ်အတွင်းရှိပြန်ကြားရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၆

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ညနေ ၆နာရီတွင် မွန်ပြည်နယ်မော်လမြိုင်မြို့သို့ရောက်ရှိပြီး ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ကာ ခန်းမအတွင်း ပြည်သူများလေ့လာနိုင်ရန် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြခန်းခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ယင်းနောက် ဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ စက်ရုံမှူးနှင့်တာဝန်ခံများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များပြီးမြောက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဦးတို့က ပြည်နယ်နှင့်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ့်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူး ဦးခင်ဇော်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ထပ်ဆင့် လွှင့်စက်ရုံများ အခြေအနေကိုလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနခွဲတာဝန်ခံ ဦးစိုးမင်းအောင်နှင့် မော်ကွန်းရုပ်ရှင်မှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမောင်မောင်တို့က ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများအခြေအနေနှင့် ဗီဒီယိုစိစစ်ကြီးကြပ်ရေး လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအတိုင်း တိကျစွာ လိုက်နာပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း ရုပ်မြင်သံကြား ဖမ်းယူရရှိမှုနှင့် ရုပ်သံကြည်လင်ပြတ်သားမှု ရှိ၊ မရှိကိုလည်းကောင်း၊ စက်ပိုင်းဆိုင်ရာကွဲ့ခိုင်မှု ရှိ၊ မရှိအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရုပ်သံလွှင့်ထုတ်မှု ပြတ်တောက်မှုမရှိစေရေး၊ စက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး၊ စက်ပစ္စည်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကွဲ့ခိုင်ရေးပြုလုပ်ရေး၊ လိုအပ်သော စက်သုံးဆီနှင့် စက်အရန်ပစ္စည်းများကို ကြိုတင်ပြင်ဆင် ဖြည့်ဆည်းထားရှိရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် သထုံမြို့သို့ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံများနှင့် လက်ကမ်းစာစောင်များ ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် သထုံခရိုင်ရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်က ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် ဘီးလင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားရေး၊ အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)




**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည်နယ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ စက်ရုံမှူးနှင့် တာဝန်ခံများ၊ ဝန်ထမ်းများအား ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြည်သူများလေ့လာနိုင်ရန် နံရံကပ်စာစောင်နှင့်ဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ရေစကြိုမြို့ အမှတ်(၁)အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရေစကြိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း (မြတမာ)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးသိန်းကြည် ဖုန်း-၀၆၂-၃၀၀၁၈၊ ဦးတင်သောင်း ဖုန်း-၀၆၂-၃၀၀၇၃၊ ဦးသော်တာ ဖုန်း-၀၆၂-၃၀၀၃၂၊ အထက-၁ ဖုန်း-၀၆၂-၃၀၂၅၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၂-၂၀၀၇ (တနင်္လာနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "မဟာသရဏဂုံ"တရားတော် (ဘဒ္ဒန္တ ဝေပုလ္လဆရာတော်) |
| ၈း၀၀-၂း၀၀ | Soccer Update |
| ၈း၁၅-၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀-၂း၂၀ | စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (ပြင်ဦးလွင်ဆေးဝါးစက်ရုံ) |
| ၈း၄၀-၂း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅-၂း၄၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၉း၀၅-၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅-၃း၁၅ | တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ |
| ၉း၃၀-၃း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၅-၃း၃၅ | MRTV-4 စာအုပ်စင်ကဏ္ဍ [Health For All မဂ္ဂဇင်းအယ်ဒီတာချုပ် ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)နှင့်တွေ့ဆုံခြင်း] |
| ၉း၅၅-၃း၅၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဝက်ပါအခြစ်နှင့် သူ၏ချစ်ကိုကိုချစ်" |
| ၁၀း၂၀-၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅-၄း၂၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ) |
| ၁၀း၃၅-၄း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅-၄း၄၅ | MRTV-4 ကျန်းမာရေးကဏ္ဍ မြန်မာနိုင်ငံတွင် မှတ်တိုင်သစ်ထူခဲ့သည့် မြန်မာ့သားဖွားနှင့် မီးယပ်ပညာရှင်များ၏အောင်မြင်မှု (ဖန်ပြွန်သန္ဓေသားနည်းပညာအကြောင်း) အပိုင်း(၁) |
| ၁၁း၁၅-၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀-၅း၂၀ | ပြည်တွင်းမှာပင်ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ |
| ၁၁း၃၀-၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅-၅း၃၅ | အမြဲတမ်းပြုံးပျော်နိုင်ဖို့ Ever Smile ကို သွားကြစို့ |
| ၁၁း၅၀-၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅-၅း၅၅ | အင်္ကျီလှလှချုပ်ရအောင် (အခြေခံအင်္ကျီချုပ်လုပ်နည်း) |
| ၁၂း၂၅-၆း၂၅ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၂း၃၅-၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀-၆း၄၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၂း၅၀-၆း၅၀ | တေးဂီတအစီအစဉ် |
| ၁၂း၅၅-၆း၅၅ | Activities In The City |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ရန်ကုန်ရောက် သီပေါမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း၍ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်ရောက် သီပေါမြို့နယ်သူ၊ မြို့နယ်သားများစုပေါင်း၍ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ရက် (စနေနေ့)နံနက် ၉နာရီတွင် (၉မိုင်) အောင်မြေဘုံသာ ရှမ်းကျောင်း၌လည်းကောင်း၊ ဒုတိယအကြိမ် (၂၀၀၆-၂၀၀၇)ခုနှစ် ပညာရည်ချွန် ဆုပေးပွဲကို (၂၀၀၈-ဖေဖော်ဝါရီလ)တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

အသက်(၇၅) နှစ်ပြည့်ပြီးသော ရန်ကုန်ရောက် သီပေါ မြို့နယ်သူ၊ မြို့နယ်သား အဘိုးအဘွားများနှင့် (၂၀၀၆-၂၀၀၇)ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသူ၊ ကျောင်းသားများသည် ဆရာမ ဒေါ်ခင်မေကြည် ဖုန်း-၆၉၅၆၃၁၊ ဦးစိုင်းလူး ဖုန်း-၆၆၅၅၄၃၊ ဦးဇော်ဝင်း ဖုန်း-၇၀၀၁၄၁၊ ၀၉၅၀၀၀၈၇၂၊ ဒေါ်ခင်မာလာစိုး ဖုန်း-၅၇၃၄၀၆၊ ၀၉၅၁၃၆၇၅၆၊ ဒေါ်နန်းခင်အုန်းကြည် ဖုန်း-၅၄၄၇၇၀၊ ၅၄၆၉၁၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့်အလှူငွေများ ထည့်ဝင်လိုပါက ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

## တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

| | |
|---|---|
| တပ်မတော်(ရေ) | ဂိုးမရှိ |
| တပ်မတော်(လေ) | ဂိုးမရှိ |

| | |
|---|---|
| အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | ၂ဂိုး |
| အရှေ့တောင်တိုင်းစစ်ဌာနချုပ် | ၁ဂိုး |

(ကြေးမုံ)



## ကျောင်းဘက်စုံဖွံ့ဖြိုးရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အမက(၂၁) ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် နှစ်ပတ်လည်ဘက်စုံပညာရည်ချွန်ဆုပေးပွဲ၊ ပညာရေးစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအကြိုညှိနှိုင်းအစည်းအဝေးနှင့် မတည်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ယင်းကျောင်းခန်းမဆောင်၌ကျင်းပရာ မိဘဆရာအသင်း အဖွဲ့ဝင် ဆရာမများနှင့် အကျိုးတော်ဆောင်အဖွဲ့ဝင် အသီးသီးတို့က ကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းဘက်စုံဖွံ့ဖြိုးရေးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိုးက ဘက်စုံပညာရည်ချွန် ဆုပေးပွဲအတွက် မတည်ငွေကျပ် ငါးသောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုထံပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

(၅၀၆)

# ပြည်တွင်းလုံခြုံရေးအက်ဥပဒေနှင့်အညီ ဆောင်ရွက်မှု အမေရိကန်က ဝေဖန်ခြင်းမပြုရန် မလေးရှား ဒုဝန်ကြီးချုပ် ပြောကြား

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၆**

အမေရိကန်အစိုးရသည် ဂွမ်တာနာမိုပင်လယ်အော်တွင် လူ့အခွင့်အရေး ချိုးဖောက်သည့် ဖြစ်ရပ်များကို မမေ့ပျောက်သင့်ကြောင်း၊ မိမိတို့နိုင်ငံ၏ပြည်တွင်းလုံခြုံရေး အက်ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဝေဖန်မှုမပြုသင့်ကြောင်း မလေးရှား ဒုတိယဝန်ကြီးချုပ် နာယစ်ရာဆာက စနေနေ့တွင် ပြောကြားလိုက်သည်။

## ဝေဖန်မှုကို တုံ့ပြန်

မလေးရှားနိုင်ငံတွင် လွန်ခဲ့သည့်လက အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲဖြစ်ပေါ်လာအောင်လှုံ့ဆော်သူ ငါးဦးကို အစိုးရကထိန်းသိမ်းခဲ့သည်။ မလေးရှားအစိုးရ၏ ပြည်တွင်းလုံခြုံရေး အက်ဥပဒေအရ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်မှုရှိပါက ၎င်းတို့ကို နှစ်နှစ်အထိ ထိန်းသိမ်းထားပိုင်ခွင့်ရှိသည်။ မလေးရှား နိုင်ငံတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုဖြင့် ထိန်းသိမ်းခံထားရသူများသည် တရားဥပဒေရပိုင်ခွင့်များ ရှိသင့်ကြောင်း၊ ၎င်းတို့၏ အမှုကို မြန်မြန်ဆန်ဆန်နှင့် ပွင့်ပွင့်လင်းလင်း ရုံးတင်စစ်ဆေးသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ရှောင်မက္ကာနက်၏ ဝေဖန်ပြောကြားမှုကို တုံ့ပြန်ကာ မလေးရှား ဒုတိယဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

## ရည်ညွှန်း

ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်းတွင် အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူနိုင်ငံခြားသားများကို ကာလအကန့်အသတ်မရှိ ချုပ်နှောင်ထားမှုကို ရည်ညွှန်းကာ နာယစ်ရာဆာက ဝေဖန်ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျို့ပြည်နယ်ရှိ ဝူကျန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဝူကျန်မီဂါတံတားကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ပါကစ္စတန် အနောက်မြောက်ဒေသ၌ စစ်သွေးကြွများအား တိုက်ခိုက်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၅**

ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ညတွင်းချင်း စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း စစ်သွေးကြွအများအပြားကို သုတ်သင်ခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အနောက်မြောက် နယ်စပ်ပြည်နယ်ဆွက်ချိုင့်ဝှမ်းမှ ပူချာနှင့် လိုနာမယ်ဒေသများရှိ စစ်သွေးကြွများ၏နေရာများကို အင်္ဂါနေ့ညက အပြင်းအထန် တိုက်ခိုက်ခဲ့သည်ဟု မင်ရိုရာပြန်ကြားရေးဌာနက ထုတ်ပြန်သည့် သတင်းများအရ သိရှိရသည်။

## ဖမ်းဆီး

စစ်သွေးကြွဘက်မှသေဆုံးသူဦးရေ အတိအကျအတည်ပြု ထုတ်ပြန်ခြင်းမရှိဟု ဆိုသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆွက်ချိုင့်ဝှမ်းရှိ စစ်ဆေးရေးစခန်းအသီးသီးမှ သင်္ကာမကင်းသူ ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။

ယခုအခါ အဆိုပါ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀၀၀ တို့က စစ်သွေးကြွများကို ဆွက်ချိုင့်ဝှမ်းတွင် တိုက်ခိုက်လျက်ရှိသည်။ စစ်ဘက်က စစ်သွေးကြွများ အမြစ်ပြတ် ချေမှုန်းနိုင်သည်အထိ ဆက်လက်တိုက်ခိုက်မည်ဟု ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ဆာဘီးယား၌ ဟိုတယ် မီးလောင်၊ သုံးဦးသေဆုံး

**ဘဲဂရိတ် ဒီဇင်ဘာ ၁၅**

ဆာဗီးယားနိုင်ငံမြောက်ပိုင်းရှိ ဟိုတယ်တစ်ခုတွင် မီးလောင်ကျွမ်းမှုကြောင့် သုံးဦးသေဆုံးပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘဲဂရိတ်မြို့၏မြောက်ဘက် ကီလိုမီတာ ၈၀အကွာရှိနိုဗီဆက်ဒေသမှ မွတ်နစ်ဟိုတယ်တွင် ညဉ့်ဦးယံ၌ မီးလောင်ခဲ့ပြီးနောက် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး အသက်ရှူကျပ်သည့်ဝေဒနာ ခံစားခဲ့သည်။

မီးငြိမ်းသတ်ပြီးနောက် သေဆုံးသူများ၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ ဒဏ်ရာရရှိသူရှစ်ဦးမှာ အသက်အန္တရာယ်မရှိကြောင်း၊ သို့ရာတွင် မီးခိုးရှူရှိုက်မိသဖြင့် အသက်ရှူကျပ်ပြီး လူအချို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ဒေသန္တရဆေးရုံမှ ဆရာဝန်ကပြောကြားသည်။

မျက်မြင်တွေ့ရှိသူများက မီးလောင်သည်ကို မြင်တွေ့ရခြင်းမရှိသော်လည်း မီးခိုးငွေ့ကြောင့် ဟိုတယ်အတွင်း ကြာကြာမနေနိုင်ဟု ပြောကြားသည်။ မီးလောင်ရာသို့ ငြိမ်းသတ်ရန်မီးသတ်ကား ၁၈ စီး ရောက်ရှိ ငြိမ်းသတ်ခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*



အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မီးရထား ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရထားဗုံးပေါက်ကွဲ၍ ငါးဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် ကြာသပတေးနေ့က မီးရထား ဗုံးဖောက်ခွဲခံရသဖြင့် ငါးဦးထက် မနည်းသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

အာသံပြည်နယ် ဂူဝါဟာတီမြို့မှ ကီလိုမီတာ ၂၇၀ ခန့်အကွာရှိ နေရာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။ ငါးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကာ ရထားဝန်စည်စလယ်တွဲ ထိခိုက်ပျက်စီးသည်ဟု မီးရထားဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အာသံပြည်နယ်အရှေ့ပိုင်း ဒီဘရူဂါမှ ထွက်လာသည့် နယူးဒေလီသွားမည့် အဆိုပါ ရထားသည် ရထားလမ်းချော်မှု မရှိသည့်အပြင် အခြားခရီးသည်အားလုံးလည်း ဘေးအန္တရာယ်မရှိဟု အင်ဒို–အာရှ သတင်းဌာနက ဖော်ပြသည်။ ရထားအိပ်ခန်းနှစ်ခု ပျက်စီးပြီး ရထားလမ်းအချို့ ထိခိုက်ပျက်စီးခဲ့သည်။ ယခုအခါ အပျက်အစီးများ ပြင်ဆင်နေပြီး ရထားဆက်လက်ထွက်ခွာနိုင်ပြီဟု တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# အီရန်တွင် သောင်းကျန်းသူ ၁၂ ဦး သေဆုံး

**တီဟီရန် ဒီဇင်ဘာ ၁၅**

အီရန်ရဲတပ်ဖွဲ့က နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် ကြာသပတေးနေ့က တိုက်ခိုက်ခဲ့စဉ် လက်နက်ကိုင်သောင်းကျန်းသူ ၁၂ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းသောင်းကျန်းသူများက နိုင်ငံအတွင်း ဗုံးဖောက်ခွဲရန် စီစဉ်နေကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားအစီအစဉ်က ဖော်ပြသည်။

## တိုက်ခိုက်

ယင်းတိုက်ခိုက်မှုသည် စစ်စတန်–ဘလူချီစတန်နယ်စပ် ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ ယင်းပြည်နယ်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါး မှောင်ခိုသူများအတွင်း မကြာခဏ တိုက်ခိုက်မှုများကြောင့် နာမည်ကြီးနေသော ဒေသဖြစ်သည်။

*အမ်အင်အေ၊ရိုက်တာ။*



အီတလီနိုင်ငံ ရောမမြို့တွင် ထရပ်ကားယာဉ်မောင်းများ ဆန္ဒပြမှုကြောင့် ယာဉ်အသွားအလာပိတ်ဆို့နေသည်ကို ဒီဇင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# သြစတြေးလျတွင် လေယာဉ်ငယ်ပျက်ကျ

**ကင်ဘာရာ ဒီဇင်ဘာ ၁၅**

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကမ်းရိုးတန်းမြို့ ဆော်ရန်တိုတွင် ဒီဇင်ဘာ ၁၃ ရက်က လေယာဉ်ငယ်တစ်စင်းဆင်းသက်စဉ် ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်။

လေယာဉ်မှူးနှင့် ခရီးသည် အမျိုးသားတစ်ဦး၊ အသက် ၄၀ နှင့် ၅၀ အရွယ်ရှိ အမျိုးသမီးနှစ်ဦးကို ဆေးရုံသို့ တင်ပို့ထားကြောင်း ပြည်တွင်းရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ အဆိုပါလေယာဉ်ကို လေယာဉ်ပေါ်၌ လိုက်ပါလာသူ အမျိုးသမီးတစ်ဦးအတွက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

## ပျက်ကျ

ယင်းအင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်သည် မွန်းလွဲပိုင်းတွင် မဲလ်ဘုန်းမြို့ အရှေ့တောင်ဘက် မိုးရတ်ဘင်လေဆိပ်မှ ဂီလောင်ဒေသ အနောက်ဘက် အိန်ဂျယ်ဆီးမြို့ ကမ်းရိုးတန်းသို့ ဦးတည်ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

## ဂါရဝပြု ပေးအပ်



ဒီဇင်ဘာ ၁၅ရက်ကကျင်းပသည့် ၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီး စာပေပညာရှင်များအား အလှူငွေနှင့်ကန်တော့ခံပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

# နယ်စပ်ဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နယ်စပ်ဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ပျဉ်းမနား ခုတင်၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် ယခုအခါနိုင်ငံပေါင်း၆၁နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ ကြက်ငှက်များမှ လူသို့ကူးစက်မှုကြောင့် နိုင်ငံပေါင်း ၁၂နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၃၀၀ကျော်ရှိပြီး ၂၀၀ကျော်ခန့် သေဆုံးခဲ့ရကြောင်း၊ ဆားစ်ရောဂါထက် သေဆုံးမှုမြင့်မားကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ၂၀၀၄ ခုနှစ်မှစတင်၍ စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ဆားစ်ရောဂါဖြစ်ပွားစဉ်က ရရှိခဲ့သော အတွေ့အကြုံ၊ သင်ခန်းစာများအပေါ်မူတည်၍ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိစေရန် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖြင့်ပြောကြားပြီး မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ၊ ကျိုင်းတုံမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကလေးငယ်တစ်ဦးသို့ ကူးစက်ခဲ့မှုနှင့် အခြားသူများအား ကူးစက်မှုမရှိစေရေး ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ခဲ့သည့် အခြေအနေများကို ဆွေးနွေးကာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူများအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် နယ်စပ်ဒေသများတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနများက စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့ဌာနအလိုက်နှင့် ပြည်နယ်နှင့်တိုင်းများအလိုက် ဆောင်ရွက်ထားရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် နယ်စပ်ဒေသများတွင် ဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကမ္ဘာ့နိုင်ငံများမှ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက်ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူလူထုနှင့် ပူးပေါင်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်မှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သွေးစည်းကြစို့လား

* အတင်းအဖျင်း စကားတွေနဲ့
အမှန်ကို အမှားဖြစ်အောင်
ကြံဆောင်ကာလှုံ့ဆော်
မတော်တရော် မြှောက်ပင့်ပေး
သူများအရေးကို သူတို့အရေးလို
ဖေးကူကာ ချောက်တွန်းတတ်တဲ့
အစွန်းရောက် အနောက်နိုင်ငံများ။
* အမျိုးမျိုး သွေးထိုးကာ
တစ်မျိုးနဲ့ တစ်မျိုး မရိုးစေရ
အကျိုးပျက်မှာကိုလိုလား
ပြည်သူတွေကြား အမြင်မှားပြီး
ထင်မိယောင်မှား ဖြစ်အောင်လုပ်ရတာ
ဟုတ်လှပြီ ထင်နေကြတဲ့
အနောက်တို့ရဲ့လုပ်ရပ်
ဒီလောက်နဲ့ရပ်။
* အော်ချင်တိုင်းအော်၊ ပြောချင်တိုင်းပြော
စေခိုင်းသမျှကို၊ အဟုတ်ပါလို့
စလုတ်ထဲမှာ အယုတ်တွေထည့်
အလုပ်မရှိ ကြောင်ရေချိုး
အမျိုးမျိုးနည်းတွေသုံး
ညာဖြီးလုံးတွေနဲ့ အသံလွှင့်
အကျင့်ပုပ်မှ ထမင်းလုတ်ဝတဲ့
ဒင်းတို့ရဲ့လုပ်ဇာတ်
ရပ်တန်းကရပ်။
* ဘေးစကားမယုံ၊ သွေးစကားသာယုံခဲ့
ရေကိုသားအကြားမထင်၊ ဒို့ရဲ့အားအင်
မဲ့တစ်ပေါက်အစွန်းမခံ၊ ဒို့နိုင်ငံပြည်ထောင်စု
ဥမကွဲ သိုက်မပျက်၊ ရှေ့ဆက်မယ့်(၇)ရပ်လမ်းစဉ်
မြင်ကွင်းမှာ ထင်ရှားနေပြီမို့
ညီနောင်တို့ရေ---သွေးစည်းကြစို့လား။

**မောင်ချစ် (မန္တလေး)**

## ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင်အစွမ်းပြသူများ



### ပင့်ကူလူသား

ပြင်သစ်နိုင်ငံမှ "ပင့်ကူလူသား" အလိန်ရောဘတ်သည်မျှော်စင်များ၊ အထိမ်းအမှတ် ကျောက်တိုင်များနှင့် မိုးပျံတိုက်များ၏ နံရံပေါ်သို့ကြိုးနှင့်ကိရိယာအကူအညီမယူဘဲ ဖက်တွယ်တက်ရောက်နိုင်သူဖြစ်သည်။ အလိန်သည် မြို့ပြရှိ အထပ်မြင့်အဆောက်အအုံ ၇၀ ကို တက်ရောက်နိုင်ခဲ့ပြီးဖြစ်သည်။

အလိန်သည် ပေ ၁၃၀၀အထက်ရှိ အဆောက်အအုံများ၏ နံရံပေါ်သို့အဆောက်အအုံ၏ ပိုက်လုံးများ၊ ပြတင်းဘောင်များ၊ ကေဘယ်ကြိုးများနှင့် အုတ်ကြားကွက်လပ်များကိုဖက်တွယ်ကာ တက်ရောက်နိုင်သူဖြစ်သည်။

အလိန်သည် ကမ္ဘာတစ်ဝန်းရှိ အထပ်မြင့်အဆောက်အအုံများ၏ နံရံပေါ်သို့ ခွင့်ပြုချက်မရဘဲ တွယ်တက်မှုဖြင့် အဖမ်းခံခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်က အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့ရှိ ရင်းနှီးမြှုပ်နှံမှုအာဏာပိုင်အဖွဲ့ပိုင် မိုးမျှော်အဆောက်အအုံ၏ နံရံပေါ်သို့တွယ်တက်နေသော အလိန်ရောဘတ်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**



### ဆိုင်းကြိုးဖြင့်အမြင့်မှလျှောဆင်းသူ အသက်အကြီးဆုံးပုဂ္ဂိုလ်

၂၀၀၆ခုနှစ် ဇွန် ၁၀ ရက်က ဗြိတိန်နိုင်ငံ ပို့စ်မောက်မြို့ စိန့်ဂျော့ရင်ပြင်ရှိ မီးလ်ဂိတ်ဟောက်စ် အဆောက်အအုံခေါင်မိုးပေါ်မှ မြေပြင်ပေါ်သို့ ဆိုင်းကြိုးနှစ်ချောင်းဖြင့် ခြေစုံကန်ကာလျှောဆင်းသူတစ်ဦးမှာ အသက် ၉၂နှစ်နှင့် ၂၄ရက်ရှိသူ ဒေါရစ်လောင်းဆိုသူဖြစ်သည်။ **(အပေါ်ပုံ)** ၎င်းသည် ၁၉၇ ပေအမြင့်ရှိ အဆောက်အအုံပေါ်မှ ဆင်းသက်ခဲ့ပြီး ကမ္ဘာပေါ်တွင် ဆိုင်းကြိုးဖြင့် လျှောဆင်းသူများအနက် အသက်အကြီးဆုံးပုဂ္ဂိုလ်စာရင်းဝင်သွားသည်။



### ခါးအသေးဆုံးအမျိုးသမီး

အမေရိကန်နိုင်ငံမှ ကေသီဂျွန်အမည်ရှိ အမျိုးသမီးတစ်ဦးသည် ပုံမှန်အရပ်(၅ပေ ၈လက်မ)ရှိသူ ဖြစ်သော်လည်း ၎င်း၏ခါးမှာ လုံးပတ် ၁၅လက်မမျှသာရှိသဖြင့် ကမ္ဘာပေါ်၌ ခါးအတိုင်းအတာ အသေးဆုံးဖြစ်သွားသည်။

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၄၈)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄၈)၌ ဒေါ်လာ ၁၁၇သန်းတန်ဖိုးရှိ မြန်မာ-တရုတ် ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆို၊ ရွှေဈေးတည်ငြိမ်ရေး ရွှေလုပ်ငန်းရှင်အသင်းက သိန်းများစွာအရှုံးခံကာ ဆောင်ရွက်ပေးခဲ့၊ ရန်ကုန်မြို့တွင် စွန့်ပစ်အမှိုက်မှလျှပ်စစ်ထုတ်မည်၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ဒုတိယဆုနှင့်သာကျေနပ်ခဲ့ရ၊ ငွေကြေးအရရုန်းကန်ရသော်လည်း ပညာရေးတွင် ဂျပန်ရောက်မြန်မာကျောင်းသားများ အောင်မြင်မှုရရှိ၊ အရက်အလွန်အကျွံသောက်ခြင်းသည် မျက်လုံးကိုထိခိုက်၍ အမြင်အာရုံကွယ်စေနိုင်၊ စည်းကမ်းမဲ့လမ်းကူးသူနှင့် ယာဉ်စည်းကမ်းမလိုက်နာသော ယာဉ်များကို ထိရောက်စွာအရေးယူနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်မလဲ၊ စိတ်မဆိုးပါနဲ့ခွင့်လွှတ်ပါ၊ အမှန်လုပ်အဟုတ်ဖြစ်စေကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကြိုးကြာနီတို့လေဟုန်စီးပျံဝဲနေကြဦးမှာပါ အားကစားဆောင်းပါးနှင့်အတူ နာမကျန်းဖြစ်နေသော ဂျပန်အိမ်ရှေ့စံမင်းသမီး အသက် ၄၄နှစ်ပြည့်ပြီ၊ လူငယ်များရုပ်မြင်သံကြားထက် အင်တာနက်ပိုကြိုက်၊ သက်တမ်းအရှည်ဆုံး ရိုးရှိုက်စ်မော်တော်ကား စံချိန်သစ်နှစ်ခုတင်၊ အဆိပ်တံတွေးဖြင့်ပက်တတ်သည့် ဧရာမမြွေဟောက် ကင်ညာနိုင်ငံတွင် ရှာဖွေတွေ့ရှိ၊ ICRC က ၂၀၀၈ခုနှစ်တွင် လူသားများကို ကယ်တင်ရန် ရန်ပုံငွေအမြောက်အမြားရှာဖွေ၊ ရေနံယိုဖိတ်မှုနှင့် တောင်ကိုရီးယား၊ ကမ္ဘောဒီးယားနိုင်ငံ၏ ကျယ်ပြန့်လာသောစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကအမေရိကန်စီးပွားရေးလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုပေးနေစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။(သတင်းစဉ်)

## ၁၉၇၇ (နိုဝင်ဘာ) မြို့ပြအင်ဂျင်နီယာမိသားစု အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၇ (နိုဝင်ဘာ) မြို့ပြအင်ဂျင်နီယာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ကျောင်းဆင်း နှစ်(၃၀)ပြည့် အမှတ်တရ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် (စနေနေ့) ညနေ ၅ နာရီတွင် M3 Food Centre၌ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကိုအောင်ကျော်ဇံ ဖုန်း-၀၉-၅၁၃၈၅၁၃၊ ကိုအောင်စိုး ဖုန်း-၀၉-၅၁၀၄၆၁၃၊ ကိုအုန်းဖူး ဖုန်း-၀၅၆-၂၁၄၇၅၊ ကိုမျိုးသန်း ဖုန်း-၀၉-၅၁၅၂၂၉၃၊ မခင်ခင်စိန် ဖုန်း-၀၂-၃၆၀၇၇၊ မချော ဖုန်း-၀၉-၉၉၂၆၄၀၈၊ မခင်ဆွေမြင့် ဖုန်း-၀၁-၅၅၉၅၅၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးပြုဆောင်းပါး

# အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီး

ခင်မောင်ထွန်း(လမ်းမတော်)

"မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကြီး" MANA (Myanmar Anti Narcotics Association) ကို ၁၉၉၄ခုနှစ် ဇွန်လ ၂၆ရက်နေ့ ကမ္ဘာ့မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ယခုအခါ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၁၀၁/၁၀၂)၊ တိုက်အမှတ် (၃)၌ ဖွဲ့စည်းခွင့်အမှတ် (၁၇၇၀) ဖြင့် ခိုင်မာစွာ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက် လျက်ရှိပါသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကြီးသည်လုပ်ငန်းများကိုအောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

- **မြန်မာနိုင်ငံတွင် ကျရောက်လျက်ရှိသော မူးယစ်ဆေးဝါးအလွဲသုံးစားမှုများနှင့် မူးယစ်ဆေးစွဲရောဂါအန္တရာယ်ကို နိုင်ငံတော်အစိုးရက "၁၅နှစ် စီမံချက်"ဖြင့် မူးယစ်ကင်းစင်သည်အထိ ရည်မှန်းချက်ကြီးမားစွာ အမျိုးသားရေးအသွင်ဖြင့် တားဆီးကာကွယ်လျက်ရှိရာ MANAသည် အသင်းအဖွဲ့တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများကို အထောက်အကူပြုပံ့ပိုးရန်၊**
- **မူးယစ်ဆေးအကြောထဲသို့ ထိုးသွင်းသူများသည် "ခုခံအားကျဆင်းမှုရောဂါ" လျင်မြန်စွာကူးစက်လျက်ရှိရာ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပါဝင်၍ ထိရောက်စွာ တားဆီးကာကွယ်နှိမ်နင်းရေးကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ MANA မှ အင်အားတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်ရန်၊**
- **အသင်း၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် ပြည်တွင်း၌သာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရန်၊**
- **လုပ်ငန်းများကို သုတေသနပြုလုပ်ကာ တွေ့ရှိချက်များကို အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်သွားရန်။**

အသင်းကြီးသည် စတင်ဖွဲ့စည်းပြီးချိန်မှစ၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

- **မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သော ပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊**
- **ကျောင်းသားလူငယ် ပညာပေးလုပ်ငန်းများ၊ ဟောပြောဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ခြင်း၊**
- **ပြည်သူလူထု ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများ ပြုလုပ်ခြင်း၊**
- **မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်ကာကွယ်ရေး လုပ်ငန်းများနှင့် ဆက်နွှယ်နေသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း၊**
- **ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းဌာနဆိုင်ရာများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့်သာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း မူ/ဘောင်အတွင်းမှ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။**

၁၉၉၇ ခုနှစ်က အဖွဲ့အစည်းတစ်ခု၏ အထောက်အပံ့ဖြင့် ကျောင်းသားလူငယ်ပညာပေးရေး လုပ်ငန်းတစ်ရပ်ကို ပညာရေးဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများအား မူးယစ်ဆေးဝါး အလွဲသုံးစားမှုအန္တရာယ်နှင့် ပတ်သက်သော ပညာပေးသင်တန်းများကို ပေးနိုင်ခဲ့၍ ယင်းသင်တန်းဆင်း ဆရာ၊ ဆရာမများမှတစ်ဆင့် ကျောင်းသားထုအတွင်း ဆင့်ပွားပညာပေးခဲ့ပါသည်။ HIV/ AIDS ကာကွယ်ရေးလုပ်ငန်းရပ်များကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ လက်ကမ်းစာစောင်များ ရိုက်နှိပ်၍ ဖြန့်ဝေခြင်း၊ မြေစိုက်ပိုစတာများစိုက်ထူကာ ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အသင်းအနေဖြင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးစားမှု ဆန့်ကျင်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် နယ်စပ်ဒေသများမှ တစ်ဖက်နိုင်ငံတို့သို့ ဝင်ထွက် သွားလာနေထိုင်သော လူငယ်အုပ်စုများအတွင်းသို့လည်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ သဘောတူညီမှုဖြင့် HIV/ AIDS ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းရပ်များကို ပံ့ပိုးကူညီခဲ့သော အဖွဲ့အစည်းများနှင့် ပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးအလွဲသုံးစားမှု ဆန့်ကျင်ရေးအသင်းများနှင့်လည်း ဆက်သွယ်၍ ဖိတ်ခေါ် အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ အမြင်ချင်းဖလှယ်ခြင်းများပြုကာ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည် အခြေအနေနှင့် ကိုက်ညီမည့် အတွေ့အကြုံများကို မှတ်သားရယူဆောင်ရွက်ခဲ့ခြင်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

အသင်းကြီးသည် မူးယစ်ဆေးစွဲရောဂါ ကာကွယ်တားဆီးကုသရေးအတွက် ပြည်သူများနှင့်လူငယ်ထုအတွင်း အသိပညာပေးရေး လုပ်ငန်းများကို ရည်မှန်းထားသည့်အတိုင်း စီမံချက်များ ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးနေသော မူးယစ်ဆေးစွဲရောဂါ ကာကွယ်ကုသရေးနည်းစနစ်များဖြင့် လည်းကောင်း၊ နိုင်ငံတကာ တိုးတက်ဖြစ်ထွန်း လက်ခံကျင့်သုံးလျက်ရှိသော နည်းစနစ်အသစ်များကို ရယူ၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော စီမံချက်တွင် အကျုံးဝင်သော ကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးစွဲရောဂါအတွက် ချမှတ်သော စီမံချက်များ ရာခိုင်နှုန်းပြည့်မလွှမ်းခြုံ နိုင်သေးသည့်ဒေသများနှင့်အုပ်စုများတွင် ဆောလျင် စွာလုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေသည့် နေရာဒေသများကို အသင်းကြီးမှ ဖွဲ့စည်းထားသည့် မြို့နယ်အသင်း၊ ပြည်နယ်/တိုင်း အသင်းတို့ရှိ အသင်းဝင်များထံမှ သတင်းရယူ၍ ဌာနဆိုင်ရာ များနှင့် ညှိနှိုင်းဆက်သွယ်ပြီး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကြီးသည် ပြည်နယ်/တိုင်း အသင်းများ၊ မြို့နယ်အသင်းများကို စနစ်တကျ ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိနေပါသည်။

အသင်းကြီး၏ လုပ်ငန်းစဉ်များကို အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် အသင်းဝင်အဖြစ်ပါဝင်လိုသူ၊ လူမှုရေးစိတ်ဝင်စားသူ၊ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လိုသူ နိုင်ငံသားများကို အသင်းဝင်အဖြစ် လက်ခံလျက်ရှိပါသည်။

အသင်းကြီးသည် တင်ပြခဲ့သော လုပ်ငန်းတာဝန်များကို အနာဂတ်တွင် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းကြီး၏ နဝမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ၁၉-၁၂-၂၀၀၇ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်းရှိ အသင်းရုံးချုပ်တွင် ကျင်းပမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဇေယျဝတီဆရာတော် သစ္စာတရား ဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်း ကော့သောင်းမြို့ ၂မိုင် အေးမြကန်သာရပ်ရှိ မြတ်ဗုဒ္ဓဒေသနာဝိမလကာရီ ဓမ္မရိပ်သာကြီး၏ နှစ်စဉ်ကျင်းပအပ်သော ၁၀ ရက်အထူး တရားစခန်းပွဲကို ဒီဇင်ဘာ ၂၁ရက် မှ ၃၀ရက် (နတ်တော်လဆန်း ၁၂ရက်မှ လပြည့်ကျော် ၆ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရိပ်သာ ပဓာနနာယက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်-၅ မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်ကျောင်းသုံးထပ်ဓမ္မာရုံအတွက် လှူဒါန်းလိုပါက ဖုန်း-၀၉ ၅၁၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## အင်္ဂပူမြို့ အထကကျောင်းတွင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ် အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်အထက် သက်ကြီး ဆရာ၊ ဆရာမကြီးများအား "ကြည်နူးဖွယ်ရာတွေ့ဆုံပွဲ" နှင့် ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်နှင့် ၅ရက်တို့တွင် အထက အင်္ဂပူမြို့တွင် ကျင်းပမည်။ အထက အင်္ဂပူတွင် ပညာသင်ယူခဲ့သော သူငယ်ချင်းများ၊ ဆရာ၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ၆၆၆၃၅၂၊ ဦးခိုင်ဇော်ဝင်း၊ ဖုန်း-၀၉-၅၁၀၃၀၁၇၊ ၅၅၂၃၃၅၊ ဦးဇော်နိုင်ထွန်း ဖုန်း-၀၉-၅၁၄၇၉၆၂၊ ၅၃၇၈၀၉၊ ဦးအောင်မင်း ဖုန်း-၂၉၂၄၇၂၊ ဦးထွန်းအောင်ကျော် ဖုန်း-၆၀၀၃၄၄ ရန်ကုန်မြို့၊ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း ဖုန်း-၀၁-၅၈၀၇၄၄ မိုင်းပန်မြို့၊ ဦးခင်မောင်ဝင်း ဖုန်း-၀၈၂-၆၁၅၁၆ နမ့်ခမ်းမြို့၊ ဦးမောင်မောင် ဖုန်း-၀၄၄-၃၀၁၁၁၊ ဦးအောင်မြတ်ကျော် ဖုန်း-၀၄၄-၃၀၂၂၂၊ ဦးရဲဝင်း ဖုန်း-၀၄၄-၂၂၂၀၇ အင်္ဂပူမြို့တို့နှင့် ကျင်းပရေး ကော်မတီ ကျောင်းသား ဟောင်းများအဖွဲ့ အင်္ဂပူမြို့သို့ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)



ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် အင်းစိန်မြို့နယ်နံ့သာကုန်းရပ်၊ အဝေရာလမ်းနေဦးသန်းဆွေညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကြေး/မြေနှင့် မြေးဖြစ်သူ မောင်စိုးစံလင်း (Grade VIII.TTC)တို့၏ မွေးနေ့အလှူငွေ ကျပ် ၁၀၁,၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၇-၁၂-၂၀၀၇ (တနင်္လာနေ့)

### နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

### ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၃၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၂၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၅:၃၀** ၉။ ဗွီစီဒီကျော်ကြားတေးများ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆:၃၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ၁၈နှင့်၂၉ (အပိုင်း-၁၅)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နီလာလက်ကောက် (အပိုင်း-၁၉)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။





# အဆင့်မြင့်သစ်ခွဥယျာဉ်တွင် စိုက်ပျိုးပြသထားသည့် ပြည်တွင်းရှားပါးသစ်ခွမျိုးစုံနှင့် နိုင်ငံခြားမျိုးသစ်ခွမျိုးစုံ မှတ်တမ်းဓာတ်ပုံများ



**သစ်ခွဝါသနာရှင်၊ ပန်းပညာရှင်များ တစ်နေရာတည်းတွင် သစ်ခွမျိုးစုံကို လေ့လာသုတေသန ဆောင်ရွက်နိုင်မည့်အပြင် အဆင့်မီ မျိုးပွားနည်းဖြင့် မျိုးပွားခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်။**

ဒီဇင်ဘာ ၁၆ရက်က ပြင်ဦးလွင်မြို့ရှိ အဆင့်မြင့်သစ်ခွဥယျာဉ်တွင် မြန်မာနိုင်ငံ၌ သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသော သစ်ခွမျိုးစိတ်များ၊ အပင်များနှင့် နိုင်ငံခြားသစ်ခွမျိုးစုံတို့ကို ပြသထားစဉ်။

(သတင်းစဉ်)













## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသည့် ပြည်တွင်း၊ ပြည်ပ ပန်းမျိုးများ၊ ရောင်စုံဖူးပွင့်ဝေဆာနေသည့် ပန်းခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# အဆင့်မြင့် သစ်ခွဥယျာဉ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မြေအကျယ်အဝန်း ငါးဧကခန့်၌ တည်ဆောက်ထား

# အဆင့်မြင့် သစ်ခွဥယျာဉ်ထူထောင်ခြင်းဖြင့် လာရောက်ကြည့်ရှု အပန်းဖြေကြသည့် ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့မည်

ဒုတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ပြည်တွင်း ပန်းမျိုးပေါင်း ၁၅ မျိုး၊ ပြည်ပ ပန်းမျိုးပေါင်း ၆၅ မျိုး၊ ပန်းပွင့်အရေအတွက် ငါးသန်းကျော်ဖြင့် ခင်းကျင်းစီစဉ်ပြသထားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ဖွံ့ဖြိုးသာယာလှပမှုများနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ အနားယူနေမှုများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### အဆင့်မြင့်သစ်ခွဥယျာဉ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့်သစ်ခွဥယျာဉ်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဆင့်မြင့် သစ်ခွဥယျာဉ် တည်ဆောက်ခဲ့မှုများ၊ နိုင်ငံတကာအဆင့်မီ သစ်ခွဥယျာဉ်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသသည်။

အဆင့်မြင့်သစ်ခွဥယျာဉ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မြေအကျယ်အဝန်း ငါးဧကခန့်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အဆင့်မြင့်သစ်ခွဥယျာဉ်၌ မြန်မာနိုင်ငံတွင် သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသည့် သစ်ခွမျိုးစိတ် ၃၀၄ မျိုး၊ အပင်ပေါင်း ၃၅၁၅ ပင်နှင့် နိုင်ငံခြားသစ်ခွမျိုးစုံ ၂၈၅၁၈ ပင်တို့ကို ထည့်သွင်းပြသထားသည်။

အဆင့်မြင့် သစ်ခွဥယျာဉ် ထူထောင်ခြင်းဖြင့် လာရောက်ကြည့်ရှု အပန်းဖြေကြသည့် ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့မည်ဖြစ်ပြီး သစ်ခွနှင့် စပ်လျဉ်း၍ လေ့လာဗဟုသုတများလည်း ရရှိနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်၌ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)




လ်ချုပ်ကြီးသူရရွှေမန်း ရတနာပုံတယ်လီပို့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၇-၁၂-၂၀၀၇ (တနင်္လာနေ့)

### ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း(၈)ရက် (ဥပုသ်နေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercise For Correct Pronuncation.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(ဓာတုဗေဒ)
- ၅:၀၀ ၅။ အကပဒေသာ
- ၅:၁၀ ၆။ မြန်မာစာမြန်မာစကား
- ၅:၂၅ ၇။ **“ဖြတ်လျှောက်ရုံလေးပဲလျှောက်ဖြစ်တော့မှာပါ” (ကျော်ဇေယျ၊မေသန်းနု၊ပန်းဖြူ) [ဒါရိုက်တာ–မောင်မောင်ဦး (စန္ဒီးဝိုက်)]**
- ၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၅၅ ၁၃။ တောင်ပေါ်မြေပြန့် ရင်ခွင်မဲ့ပန်းတို့ ကွန်းခိုရာနန်းဦး အေးရိပ်ဆာယာ
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မြူခိုးဝေဝေ ချစ်သက်တည်” (အပိုင်း–၆)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စေတမန်” (အပိုင်း–၈)**
- ၁၉။ မ**င်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၁)ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၃၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၃၁)ဖွင့်ပွဲတွင် အလှူရှင်တစ်ဦးပေးအပ်သော အလှူငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြို့နယ်အသင်းအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့နယ် အသင်းအတွင်းရေးမှူး ဦးတင့်လွင်က လက်ခံသည်။

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီ "စိုး" လျှပ်စစ်နှင့် အီလက်ထရောနစ်ကုမ္ပဏီနှင့် ခင်မောင်ညွှန့်ကုမ္ပဏီတို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် (joy)လေအိုးမီးအိုးရောင်းဝယ်ရေးတို့က ငွေကျပ် ငါးသောင်းစီ၊ ရွာမအရှေ့ရပ်ကွက် ရေပေးဝေရေးကော်မတီနှင့် စခွဲ့ကူ ရပ်ကွက်အသင်းက ငွေကျပ် နှစ်သောင်းစီတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

## လက်ခံ

ဆက်လက်၍ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ နံ့သာကုန်းရပ်ကွက်၊ ပိန္နဲကုန်းရပ်ကွက်နှင့် တောင်သူကုန်းရပ်ကွက်တို့မှ အလှူငွေကျပ် တစ်သောင်းငါးထောင်စီနှင့် ကြို့ကုန်း(အရှေ့)ရပ်ကွက်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ဖော့ကန်ရပ်ကွက်၊ ကမ်းနား(အလယ်)ရပ်ကွက်နှင့် ကွက်သစ်ရပ်ကွက်တို့က ငွေကျပ် တစ်သောင်းစီတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုးက လက်ခံသည်။

## ပေးအပ်

ထို့နောက် ရွာမ(အနောက်)ရပ်ကွက်မှ ရပ်မိရပ်ဖများဖြစ်သည့် ဦးတင်လှိုင်၊ ဦးကျော်ငွေ၊ ဦးခင်မောင်ဝင်း၊ ဦးခင်လှိုင်၊ ဦးစိုးသိန်း (တိုင်းရင်းဆေး)တို့နှင့် အလှူရှင်များက အလှူငွေကျပ် တစ်သောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်းက လက်ခံသည်။

အလှူငွေပေးအပ်ခြင်းအခမ်းအနားတွင် စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၉၆၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)



**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃ ရပ်ကွက်၊ ကြေးတိုင်စု (၂)လမ်းရှိ မာဂဓီ သာစည်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ၁၃ ရပ်ကွက် စက်မှုလယ်ယာ(၁)လမ်းနေ အလှူရှင် ဦးဉာဏ်ဝင်းလှိုင်–ဒေါ်မိုးမိုးနွယ်မိသားစုက ဒေါ်မိုးမိုးနွယ်၏ (၃၉)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံစသော သင်ထောက်ကူပစ္စည်းများကို သင်ကြားစီမံ ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။** (ပညာရေး)



## လက်ခံရယူ

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သဇင်မင်းရိပ်သာနေ ကိုသန်းဦး–မဝေဝေညွှန့်တို့၏ ခြောက်နှစ်ပြည့် မင်္ဂလာအတွက် အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် (အလှည့်ကျသဘာပတိ) ဦးစံရင် လက်ခံရယူစဉ်။** (က–ပ)

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်အနိုင်ရ

**လန်ဒန် ဒီဇင်ဘာ ၁၆**

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ဆက်လက် ကျင်းပရာ အင်္ဂလန်မြောက်ပိုင်း လီဗာပူးမြို့တွင် လီဗာပူးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းမပြီးဆုံးမီ ကာလို့စ်တီးဗက်ဇ်၏ ဂိုးနှင့်အတူ မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရရှိခြင်းဖြစ်သည်။

ပထမပိုင်း ပွဲချိန် ၄၃ မိနစ်တွင် ရှိုင်ယန်းဂစ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ဝိန်းရူနီပို့ပေးလိုက်သည့် ဘောလုံးကို တီးဗက်ဇ်က သွင်းယူနိုင်ခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ပက်ထရစ်အီဗရာနှင့် လီဗာပူးအသင်းမှ ဖာနန်ဒိုတောရက်စ်တို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။

***အင်တာနက်။***

**ဒီဇင်ဘာ ၁၆ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းဘက်သို့ မန်ချက်စတာယူနိုက်တက်အသင်းမှ ဝိန်းရူနီ ထိုးဖောက်စဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

## ချယ်လ်ဆီးအသင်းကို အာဆင်နယ် အနိုင်ရ

**လန်ဒန် ဒီဇင်ဘာ ၁၆**

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာတွင် အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်ပြီး ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ထိပ်ဆုံးနေရာသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အာဆင်နယ်အသင်းအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၅မိနစ်တွင် ဝီလျံဂါးလပ်စ်က သွင်းယူနိုင်ခဲ့သည်။ ထောင့်ကန်ဘော ကန်သွင်းချက်ကို ချယ်လ်ဆီးအသင်း ဂိုးသမားပီတာချက် ထွက်ဖမ်းသော်လည်း မမိဘဲ လွတ်သွားစဉ် ဂါးလပ်စ်က ခေါင်းတိုက် ဂိုးသွင်းနိုင်ခဲ့သည်။

ယခုပွဲတွင် အာဆင်နယ်အသင်းမှ အဒီဘေယာ၊ အီဘိုး၊ ဖလာမီနီ၊ ဖက်ဘရီဂက်စ်တို့ အဝါကတ်အပြခံခဲ့ရပြီး ချယ်လ်ဆီးအသင်းမှ တယ်ရီ၊ လမ်းပတ်၊ ကိုးလ်၊ ဘန်ဟိမ်းနှင့် အိုဘီတို့မှာလည်း အဝါကတ်ထိခဲ့ကြသည်။

***အင်တာနက်။***

## ကလပ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အေစီမီလန် အသင်းဗိုလ်စွဲ

**ယိုကိုဟားမား ဒီဇင်ဘာ ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကလပ် ကမ္ဘာ့ဖလား (Club World Cup)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ် ယိုကိုဟားမားမြို့တွင် ယနေ့ကျင်းပသည်။

ယင်းပွဲတွင် အေစီမီလန်အသင်းက ဘိုကာဂျူနီယာအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ကလပ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသည် ကမ္ဘာ့တိုက်ကြီးများမှ ချန်ပီယံကလပ်အသင်းများ ယှဉ်ပြိုင်သည့် ဘောလုံးပြိုင်ပွဲဖြစ်သည်။ အီတလီ အေစီမီလန်အသင်းမှ ဖီးလစ်ပို အင်ဇာဂီတစ်ဦးတည်းက ပွဲချိန် ၂၁ မိနစ်နှင့် ၇၁ မိနစ်တို့တွင် နှစ်ဂိုးသွင်းပေးခဲ့သည်။ ပွဲချိန်မိနစ် ၅၀ နှင့် ၆၂ မိနစ်တို့တွင် အေစီမီလန်အသင်းမှ နက်စတာနှင့် ကာကာတို့က အသီးသီး ဂိုးသွင်းခဲ့ကြသည်။ ဘိုကာဂျူနီယာအသင်းမှ ပါလာစီယိုက ပွဲချိန် ၂၃မိနစ်တွင် ဂိုးသွင်းနိုင်ခဲ့သည်။ ပွဲချိန် ၈၅မိနစ်တွင် အေစီမီလန်အသင်းမှ မာစီမိုအမ်ဘရိုစီနီ ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ဘိုကာဂျူနီယာအသင်း ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။

***အင်တာနက်။***



## အာဆင်နယ်အသင်း ရမှတ် ၄၀ ဖြင့် ဦးဆောင်

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၆ ရက် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်အပြီး အမှတ်အများဆုံးရရှိသည့် အသင်းငါးသင်းမှာ အောက်ပါအတိုင်းဖြစ်သည်–

| အဆင့် | အသင်း | ပွဲ | ရမှတ် |
|---|---|---|---|
| ၁ | အာဆင်နယ် | ၁၇ | ၄၀ |
| ၂ | မန်ချက်စတာယူနိုက်တက် | ၁၇ | ၃၉ |
| ၃ | ချယ်လ်ဆီး | ၁၇ | ၃၄ |
| ၄ | မန်စီးတီး | ၁၇ | ၃၃ |
| ၅ | လီဗာပူး | ၁၆ | ၃၀ |

***အင်တာနက်။***

## အောင်စကြာဘဒ္ဒန္တ စန္ဒသူရိယတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒီဇင်ဘာ ၂၀ရက်ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၆၄ရပ်ကွက် စက်မှုဇုန် (၂)မြတ်သစ္စာဓမ္မာရုံ၊ ၂၁ရက်တွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် (၈)လမ်း တရားမဏ္ဍပ်(ဆည်းဆာပွဲ)၊ ည ၈နာရီတွင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဈေးလမ်းနှင့် မာလာနွယ်လမ်းထောင့် ဆွမ်းအောင်ပွဲ၊ ၂၂ရက်ညတွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ၈လမ်း တရားမဏ္ဍပ်၊ ၂၄၊၂၅ရက်များတွင် သာကေတမြို့နယ် ၃ရပ်ကွက် မာန်မြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၂၆ရက်ညတွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိခေမာလမ်း ရတနတ္တယ သမဂ္ဂဝတ်အသင်း တရားမဏ္ဍပ်၊ ၂၇ရက်ညတွင် စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်း ကိုးနဝင်းကပ်ကျော်စေတီဓမ္မာရုံ၊၂၉ရက်ညတွင် အလုံမြို့နယ် သိပ္ပံဈေးတရားမဏ္ဍပ်၊ ၃၀ရက်ညတွင် ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက် ပြာသာဒ်ကျောင်း (ဆည်းဆာပွဲ)၊ ၎င်းည ၈နာရီတွင် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် ၃လမ်း တရားမဏ္ဍပ်၊ ၃၁ရက်ညတွင် လမ်းမတော်မြို့နယ် လမ်းမတော်လမ်းသံဈေး ပလာဇာရှေ့ ရှင်ဥပဂုတ္တပူဇော်ပွဲ တရားမဏ္ဍပ်တို့တွင် နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း–၀၁–၂၂၄၆၈၁၊ ၀၉–၅၁၁၈၅၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

## စတုဘုမ္မိကတရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ၈/မြောက် ရပ်ကွက် စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကုမာရ(သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)က ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၂၃ မှ ၂၉ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရိပ်သာဝင်ကြရမည်ဖြစ်ပြီး ဆွမ်းဘောဇဉ်များ လှူဒါန်းလိုပါက စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့ ဖုန်း– ၅၇၁၉၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

## (၃၅) နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ **ဗိုလ်မှူးကြီးမောင်မောင်တင်** (ငြိမ်း)နှင့် မေမေ **ဒေါ်မာရီ**တို့၏ **၁၇–၁၂–၂၀၀၇ ရက်နေ့**တွင် ကျရောက်သော **(၃၅) နှစ်မြောက်** မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သား၊ သမီး၊ မြေးများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားကြီး – မိုက်ကယ်–စုဖိုး**
**သမီးကြီး – ဒေးဗစ်–မီမီ**
**သမီးငယ် – မေသူ**
**မြေးများ** – Pambo, Raymond,Jonathon, Angelar

## ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဆေးတက္ကသိုလ်(၁) (၁၉၇၀–၇၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် လမ်းမတော် ဆေးတက္ကသိုလ် (၁) ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌ ညစာစားပွဲ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့်အတူ မိသားစု ဓာတ်ပုံတစ်ပုံ၊ မိသားစုကိုယ်ရေးအကျဉ်းတို့ကို ဒေါက်တာအေးအေးမြင့် [ပါမောက္ခ၊ ဌာနမှူး၊ဌာန၊ ဆေးတက္ကသိုလ်(၁)] ဖုန်း–၀၉–၅၀၀၃၁၉၅၊ ၂၉၂၃၁၅၊ ဒေါက်တာနော်ရီဘက်ကာထင် ဖုန်း–၀၉–၅၀၃၉၄၂၂၊ ဒေါက်တာသိန်းစိုး ဖုန်း–၂၉၁၀၀၄၊ ဒေါက်တာခင်မိမိ ဖုန်း–၆၅၁၅၃၈၊ ဒေါက်တာဖြူတီကြည် ဖုန်း–၀၉–၅၂၅၁၃၃ တို့သို့ ပေးပို့ရန် ဖိတ်ကြား နှိုးဆော်ထားသည်။ (က–ပ)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၂၂ ဝိုင်း ၂)၊ မြေကွက်အမှတ် (V-၁၆၈) ဧရိယာ ၀ ဒသမ ၀၂၁ ဧကရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်–၄၉ ဟု ခေါ်တွင်သော (၈) လွှာ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏ M.D မှ ဝယ်ယူ၍ လက်ဝယ်ရရှိပိုင်ဆိုင်ထားပါသည်။ ၂၀၀၄ ခုနှစ် ဇွန်လအတွင်း ရောင်းချသူ၏ ဖခင် ဦးမြသန်း (ရွှေကြီးမင်းရွှေဆိုင်) သည် သတင်းစာများမှ လွှဲပြောင်းခြင်းမပြုရန် ကြေညာခဲ့သော်လည်း ယခုအခါ ဦးမြသန်းမိသားစုမှ ညှိနှိုင်းပြေလည်ပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏ M.D မှ တစ်ဦးတည်းပိုင်ဆိုင်ပြီး လွတ်လပ်စွာ စီမံခန့်ခွဲသွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း သိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် [၉/ပဘန(နိုင်)၀၁၇၉၅၆]**
**ဖုန်း–၀၉–၅၁၁၆၆၂၂**

## မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ကမာရွတ်၊ လှည်းတန်း (၅)လမ်းနေ
ဦးထွန်းရီ (စာရင်းစစ်အရာရှိ–ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)–ဒေါ်စမ်းမေ [ခွဲမှူး (ငြိမ်း) အမှတ်(၁) စက်မှုဝန်ကြီးဌာန] တို့၏ တစ်ဦးတည်းသော သား
**မောင်ထွန်းမျိုးဝင်း** B.A (B.M) Dip in Mechanical (Y.T.U)
Assistant Leader (CNC Turning)
CHAMPION PRECISION TECHNOLOGY SDN, BHD, MALAYSIA
နှင့်
ရန်ကုန်တိုင်း၊ အုတ်ကျင်း၊ မာလာမြိုင် (၄)လမ်း၊ လှိုင်မြို့နယ်နေ
ဦးရန်ရှင်း [ခွဲမှူး၊ ငြိမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]–(ဒေါ်မြင့်မြင့်အေး) တို့၏ တစ်ဦးတည်းသော သမီး
**မဝင်းယုလွင်** B.A (English) (NEW LIFE) **တေးသံသွင်း၊ လှည်းတန်း**

တို့၏ ၁၆–၁၂–၂၀၀၇ ရက်တွင် International Business Centre (IBC) ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဦးမြင့်သိန်း (တွဲဖက်တိုင်းတရားသူကြီး၊ ဧရာဝတီတိုင်း တရားရုံး)နှင့် ဇနီး ဒေါ်စန္ဒာသွယ်၊ တွဲဖက်ညွှန်ကြားရေးမှူး (တရားရုံးချုပ်)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဦးသောင်းတင် (ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီဝင်)နှင့် ဇနီး ဒေါ်တင်တင်အေး (President-KMD Group of Companies) တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ အလှဖန်တီးရှင် မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးသော Forever Group၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာ မြရည်မွန်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မရတနာသွယ်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မကေကေသွယ်ဆန်း၊ မင်္ဂလာပန်းခြင်းများ ကိုင်ဆောင်ပေးသော သမီးငယ်လေး ခွန်းချိုသာလွင်နှင့် ဆန်းမီတင်၊ သတို့သားအရံ ကိုနေလင်းထွန်းနှင့် သတို့သမီးအရံ မဝေနှင်းဖူးတို့အားလည်းကောင်း၊ မင်္ဂလာဗီဒီယိုနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပေးသော ကိုဝဏ္ဏခွာနီး၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသောသူများနှင့် IBC မှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲကို တက်ရောက်အားပေးချီးမြှောက်ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထွန်းမျိုးဝင်း–မဝင်းယုလွင်**

## သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## လုံးချောနှင့် ကြယ်လင်းအောင်တို့ ထိုးသတ်မည့် အသည်းကောင်းလို့ ပွဲတောင်းသူများ (၁)

**ဇင်လင်းထွန်း( ခနဲဖြူ)**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Calsome ကွေကာ (MDG Co., Ltd.)၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) စီစဉ်သည့် ပထမတန်းချန်ပီယံ လုံးချော(ညောင်တုန်း) နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့ ပါဝင်သော **“အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၁)”** မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။



မြန်မာပြည်ချန်ပီယံ
လုံးချော(ညောင်တုန်း)



စိန်ခေါ်သူ ရွှေခါးပတ်ချန်ပီယံ
ကြယ်လင်းအောင်(တောင်ကလေး)

### ဒုတိယအကြိမ် စိန်ခေါ်

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၁)တွင် လက်ရှိမြန်မာပြည် အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)အား ၂၀၀၆ခုနှစ် လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင် (တောင်ကလေး)က ဒုတိယအကြိမ် စိန်ခေါ်ထိုးသတ်မည့် ပွဲကြီးနှင့်အတူ ဂျပန်ပြန် စောဖွဲ့လေး (ထားဝယ်) နှင့် သတ္တိအောင် (တောင်ကလေး)၊ ရှမ်းသွေးလေး (သူရဲကောင်း) နှင့် ဖိုးကေ (မန္တလေး)၊ တိုက်ဂါးဟိန်း (ရွှေလက်ရာ) နှင့် မြနန်းတော် (မြန်မာပြည်သား)၊ မိုးသီး (မြန်မာပြည်သား) နှင့် ခိုင်လင်း (တောင်ကလေး)၊ ကြယ်လေး (မြန်မာပြည်သား) နှင့် ဒေါင်းသည်းခြေ(တောင်ကလေး)၊ ပအိုဝ်းလေး (အလင်းရောင်) နှင့် ကျော်ခေါက် (ဒေါင်းမြန်မာ)၊ သိန်းဈာန်(ရက္ခဖျာလ) နှင့် ဖိုးလုံး(မြန်မာပြည်သား)၊ သိုးထိန်း (မြန်မာပြည်သား)နှင့် စိုးလင်းဦး(မျိုးဇာနည်)တို့ပွဲများလည်း ပါဝင်သည်။

လုံးချောနှင့် ကြယ်လင်းအောင်တို့သည် ပြီးခဲ့သည့် နိုဝင်ဘာ ၈ ရက်က ပထမဆုံးအကြိမ်အဖြစ် ကရင်ပြည်နယ် လိပ်သိုတွင် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြသေးသည်။ ထိုပွဲတွင် ပထမတန်းသို့ တက်ရောက် ယှဉ်ပြိုင်လာသူ ကြယ်လင်းအောင်က လုံးချောအား ဒုတိယအချီတွင် ညာဝိုက်လက်သီးဖြင့် အနားတောင်းစေခဲ့ပြီး သရေပွဲဖြစ်ခဲ့သည်။ လုံးချောက ပထမတန်းချန်ပီယံဖြစ်သည့်အပြင် အရပ်ငါးပေ ၁၀ လက်မရှိပြီး ကိုယ်အလေးချိန် ၇၅ ကီလိုရှိသည်။ ကြယ်လင်းအောင်က အရပ်ငါးပေ သုံးလက်မခွဲသာရှိပြီး ကိုယ်အလေးချိန်ကလည်း ၎င်းရွှေခါးပတ်ရယူခဲ့သည့် လိုက်ဝယ်လ်တာဝိတ် ၆၃ ဒသမ ၅ ကီလိုသာရှိသည်။

သို့ဖြစ်၍ လိပ်သိုပွဲတွင် မထင်မှတ်ဘဲ အလစ်အငိုက်မိကာ အနားတောင်းခဲ့ရသော လုံးချောက မိမိ၏ အားနည်းချက်များကို ပြန်လည်သုံးသပ် ပြင်ဆင်လေ့ကျင့်ပြီး အလဲထိုးပြနိုင်ရေး လက်သီးသွေး၍ စောင့်နေခဲ့သူဖြစ်သည်။

### စိတ်ဓာတ်တက်ကြွ

ကြယ်လင်းအောင်ကလည်း ပထမတန်းသို့စ၍ အကဲစမ်းသည့်ပွဲ၌ပင် ချန်ပီယံကို တူတူတန်တန် ယှဉ်နိုင်ခဲ့သဖြင့် စိတ်ဓာတ်တက်ကြွပြီး ဒုတိယအကြိမ် စိန်ခေါ်အနိုင်ယူလိုသဖြင့် အခွင့်အရေးကို စောင့်နေခဲ့သူဖြစ်သည်။

ယခုပွဲထိုးသတ်ခွင့်ရပြီဟု သိရသောအခါ တောင်ကလေး ရိုးရာလက်ဝှေ့အဖွဲ့မှ ၎င်း၏နည်းပြဆရာ အဒဲ(ခ) စောမိုက်ကယ်နှင့်အတူ နိုဝင်ဘာ ၂၇ ရက်က Calsome မျှော်စင်ကျွန်းမှ စိန်ခေါ်သံ–၅ တွင် ထိုးသတ်ခဲ့သော လုံးချောနှင့် ရန်ကြီးအောင်တို့၏ပွဲကို တကူးတက လာရောက်ကြည့်ရှုလေ့လာခဲ့သည့်အပြင် လုံးချော ပါဝင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲ မှတ်တမ်းဗွီစီဒီများကို ရှာဖွေစုဆောင်းကြည့်ရှုကာ အားသာချက်၊ အားနည်းချက်များကို တွက်ဆ၍ အနိုင်ရယူမည့် ဗျူဟာချမှတ်ကာ လေ့ကျင့်နေကြောင်းသိရသည်။ သို့ဖြစ်၍ သူတို့နှစ်ဦး၏ ယခုပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများက အခြားသောပွဲများ ထိုးခဲ့စဉ်ကထက် အကဲပိုနေသည်ဟု ဆိုရမည်။

### စောဖွဲ့လေး–သတ္တိအောင်

စောဖွဲ့လေးနှင့် သတ္တိအောင်တို့ကလည်း လိပ်သိုပွဲ၌ပင် တွေ့ဆုံခဲ့ကြသေးရာ စောဖွဲ့လေး၏ ဘယ်ညာတွဲလုံးလက်သီးများက သတ္တိအောင်ကို အထိနာစေခဲ့ပြီး တတိယအချီတွင် အနားတောင်းခဲ့ရသည်။ သို့ရာတွင် သတ္တိအောင်က နာမည်နှင့်လိုက်အောင်ပင် အသည်းချင်းပေါက်၍ နောက်မဆုတ်တမ်း တုံ့ပြန်တော့ရာ လက်ပန်းကျလာသော စောဖွဲ့လေးက ပဉ္စမအချီတွင် သရေပွဲရအောင် မနည်းရုန်းကန်ခဲ့ရသည်။ ယခု သူတို့နှစ်ဦး တွေ့ကြပြန်ပါပြီ။

ရှမ်းသွေးလေး (သူရဲကောင်း)က ပြည်နယ်၊ တိုင်း (ခ)အဆင့် အကောင်းဆုံး လက်ဝှေ့သမားဆုနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့် ရွှေတံဆိပ်ဆုရှင် သမ္ဘာရင့် လက်ဝှေ့သမားဖြစ်သည်။ သူ့ထိုးလုံးသတ်ပေါက်ကို ရန်ကုန်ပရိသတ်များ မျက်ဝါးထင်ထင် မြင်ခဲ့ပေါင်းများလှပြီဖြစ်သော်လည်း သူနှင့်ယှဉ်ပြိုင်မည့် မန္တလေးသား ဖိုးကေကိုတော့ ပြီးခဲ့သည့် ပြည်နယ်၊ တိုင်းပြိုင်ပွဲ ကြည့်ခဲ့သော ပရိသတ်များသာ သိကြပေမည်။

တော်ရုံလက်သီးကို ပန်းနဲ့ပေါက် သလားထင်ပြီး အဝင်ရဲရဲဖြင့် ထိုးသတ်တတ်သည့် ၎င်း၏ ဘယ်ညာဝိုက်လက်သီးတွဲများက ပွဲပြီးဖို့လုံလောက်ပေသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး ဘယ်သူအသည်းကောင်းပြီး ဘယ်သူ့လက်သီးက ပိုမာကြောင်း စောင့်ကြည့်ရပေတော့မည်။

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၁) ဝင်ကြေးမှာ အထူးတန်း ကျပ် ၆၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၄၀၀၀ သတ်မှတ်ထားပြီး ဇော်ပစ်တိုင်းထောင် ဗီဒီယို အမှတ် ၁၇၄၊ ၃၅ လမ်း (အလယ်) ဖုန်း–၃၈၇၆၅၀ နှင့် ၀၉–၅၁၂–၈၂၄၄ တို့သို့ ဆက်သွယ်၍ ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။



စောဖွဲ့လေး



သတ္တိအောင်

## သဃ်န်းကျွန်းမြို့နယ်၌ ကားအမိုးကူရှင်ဆိုင် မီးလောင်မှု ဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅) ရပ်ကွက် သံသုမာလမ်း အမှတ်(၂၉၀) အခန်း(၆)ရှိ အောင်ကားအမိုးကူရှင် လုပ်ငန်းတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားသည်။ အဆိုပါဆိုင်၌ လျှပ်စစ်မီးဖိုအား မီးခလုတ်ဖွင့်ထားရာမှ အပူရှိန်လွန်ကဲပြီး အနီးရှိ ဝါးထရံမှ တစ်ဆင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အဆိုပါဆိုင်အပါအဝင် ကပ်လျက်ရှိ ကားတာယာဆိုင်တစ်ဆိုင် မီးလောင်ဆုံးရှုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် အေးရိပ်မြိုင်လမ်း အမှတ်(၁၃၉၃)နေ ဦးဝင်းကြိုင် (၃၇) နှစ်အား သုဝဏ္ဏရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၆၀၀/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ဆောင်ရွက်နေသည်။ (သတင်းစဉ်)

## ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲရလဒ်

(၁၆–၁၂–၂၀၀၇)

ပြန်ကြားရေး–လယ်/ဆည်
**သုံးပွဲ–နှစ်ပွဲ**
မွေး/ရေ–စီးပွား/ကူးသန်း
**သုံးပွဲ–ပွဲမရှိ**
အား/ကာ–အမှတ်(၁)လျှပ်စစ်
**သုံးပွဲ–ပွဲမရှိ**
သစ်တော–လူမှုဝန်ထမ်း
**သုံးပွဲ–နှစ်ပွဲ**
(ကြေးမုံ)

# ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား





## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ် သာယာလှပမှုနှင့် ပြည်သူများအပန်းဖြေနားနေမှု ကြည့်ရှု

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အဆင့်မြင့် မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ဖွံ့ဖြိုးသာယာလှပမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပအိုင်တီပညာရှင်များ၊ ရတနာပုံတယ်လီပို့တွင် ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်ကြမည့်ကုမ္ပဏီများမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

### ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် ပြည်တွင်း၊ ပြည်ပပန်းမျိုးစုံကို လှပစွာ တွေ့ရစဉ်။

(သတင်းစဉ်)



### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

၁၆-၁၂-၂၀၀၇

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

### ယနေ့ သတင်းအညွှန်း

ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင်အစွမ်းပြသူများ ➡ စာမျက်နှာ-၅
ပြင်ဦးလွင်အဆင့်မြင့်သစ်ခွဥယျာဉ် မှတ်တမ်းဓာတ်ပုံများ ➡ စာမျက်နှာ-၇
အသည်းကောင်းလို့ပွဲတောင်းသူများ(၁) ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ➡ စာမျက်နှာ-၁၁